စံပြကျေးရွာ

မှော်ဘီမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စံပြချောင်းကျေးရွာ၊ပက်တန်းကျေးရွာအုပ်စု မှော်ဘီမြို့နယ်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ရက်

# **မာတိကာ**


မာတိကာ ၁

စကားချီး ၇

ပက်တန်းကျေးရွာအုပ်စု၊စံပြကျေးရွာသယံဇာတပြမြေပုံ၊ ၉

မှော်ဘီမြို့နယ်

ရာသီခွင်ပြ ပြက္ခဒိန် ၁၀

အဖွဲ့အစည်းချိတ်ဆက်မှုဇယား ၁၁

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၁၂**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၄

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၅

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ)  ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၇

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၀

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ)  အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၁

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၂

(၈) ဦးစားပေးစီမံချက်များနှင့်ငှ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၄

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ)　ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ)　ဦးစားပေး စီမံချက်များ

(ဃ)　အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉)　ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

(၁၀)　ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၇

(က)　ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ)　ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ)　ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ)　ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉

(က)　ကြီးကြပ်စစ်ဆေးခြင်း

(ခ)　နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ)　နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၁

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂　လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား ၃　လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄　ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ **ပြဿနာနှင့်အခက်အခဲ**များ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

ဇယား ၂၅ **ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း**

**ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ**

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

**ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ**

**ဇယား** ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်

**ဇယား** ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား ၄၅ **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ**

**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို**

**နောက်ဆက်တွဲ (၂) အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတား နှင့် ရင်ဆိုင် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၈၆**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၉၀

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၉၄**

**ကိုးကားစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်၂၀၂၄/၂၅ဘဏ္ဍာရေးနှစ်မှ ၂၀၃၀/၂၀၃၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထား သည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက် ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေး သောသမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော် လည်းလူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီ ပံ့ပိုးပေးသည့်အစီအစဉ်ရေး ဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်း ဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့်ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိ နိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေး စိတ်အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
စံပြကျေးရွာ
မှော်ဘီမြို့နယ်

စံပြကျေးရွာ သံယံဇာတပြမြေပုံ၊မှော်ဘီမြို့နယ်



စံပြကျေးရွာ (၁၂)လ ရာသီခွင့်ပြု ပြက္ခဒိန် ။မော်ဘီမြို့နယ်



[illegible]

[illegible]

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | [illegible] | [illegible] | [illegible] | မိုးများ | မိုးများ | [illegible] | မိုးနည်း | ချမ်းအေး | ချမ်းအေး | ချမ်းအေး | [illegible] | [illegible] |
| အလုပ်အကိုင် | [illegible] | [illegible] | [illegible] | ငါးဖမ်း | ငါးဖမ်း | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| မိသားစုဝင်ငွေရရှိမှု | များ | နည်း | များ | များ | နည်း | နည်း | နည်း | များ | များ | များ | များ | များ |
| စားသုံးစရိတ် | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| [illegible] | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း |
| [illegible] | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ | များ | များ |
| သောက်သုံးရေရရှိမှု | များ | များ | များ | များ | များ | များ | များ | များ | များ | များ | များ | များ |
| ကျန်းမာရေးအခြေအနေ | [illegible] | — | — | [illegible] | [illegible] | — | — | — | — | — | — | [illegible] |
| သဘာဝဘေးအန္တရာယ် | — | — | — | — | — | — | — | — | — | — | — | — |
| ရာသီပွဲတော် | သင်္ကြန် | [illegible] | — | — | — | — | [illegible] | [illegible] | [illegible] | [illegible] | — | [illegible] |
| [illegible] | များ | များ | များ | နည်း | နည်း | နည်း | များ | များ | များ | များ | များ | များ |
| [illegible] | [illegible] | — | — | — | — | — | — | — | — | — | — | [illegible] |
| [illegible] | — | — | — | — | — | — | — | — | — | [illegible] | [illegible] | — |

## စံပြကျေးရွာ၊အဖွဲ့အစည်းချိတ်ဆက်မှုဇယား၊မှော်ဘီမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်း များ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေး ဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက် များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိ အောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန်ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့်ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်း များကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊

သတင်းနှင့်ပြည်သူ့ဆက် သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည်ဤ အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များ အနေဖြင့်ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ ကျေးရွာ နှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့်ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစ ည်း များနှင့်အလှူ ရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြု လာနိုင် ပါမည်။

### (၁) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင် သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံ ကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါ ။သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်း မှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါ သည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုး ရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံ ကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါ သည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ထန်းတပင်-တာဆုံ လမ်းမကြီးဘေးတွင် တည်ရှိသောကျေးရွာ ဖြစ်ပါသည်။ အုပ်ချုပ်ရေးရုံး စိုက်ရာမော်ဘီမြို့နှင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အနည်းငယ် လုပ်ကိုင်ကြပြီး စက်ရုံအလုပ်ရုံ ၊သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူ များပါသည်။ ဒေသ၏တစ်နှစ် ပျှမ်းပျှမိုးရေချိန် လက်မမှာ ၆၀ မှ ၈၀ ဝန်းကျင်တွင် တည်ရှိပြီးစိုက်ပျိုးရေး လုပ်ငန်းများ အတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတွင်း လယ်ယာမြေများအား ပြင်ပစီးပွားရေး လုပ်ငန်းရှင်များမှ လာရောက်ဝယ်ယူထား သောကြောင့် စိုက်ပျိုးထုတ်လုပ်နိုင်သည့် ကျေးရွာပိုင် လယ်ယာမြေယာအသင့်အတင့်သာ ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်သဘာဝသယံဇာတများမထွက်ရှိပါ။ စိုက်ပျိုးတောင်သူအချို့မှာ မိုးတွင်း အခါမိုးရေနှင်ပါးစိုက်ပျိုးကြပြီး နွေရာသီတွင် အဝီစိတွင်းရေဖြင့် ရာသီပေါ်သီးနှံ အနည်း ငယ်သာ စိုက်ပျိုး ကြကြောင်းတွေ့ရပါသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း(၉၁)စုနှင့် စုစုပေါင်းလူဦးရေ (၂၉၉)ဦးရှိကာ တစ်အိမ် ထောင်လျှင် ပျမ်းမျှ (၄)ဦးနှုန်းရှိပြီး နိုင်ငံတော်မှသတ်မှတ်ထားသော တစ်အိမ်ထောင်လျှင်ပျမ်းမျှနှုန်း၅ဦး ထက်လျော့ နည်းသည်။ ကျေးရွာတွင် ကရင်နှင့် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေ ပေါင်း၏၄၀%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ လူငယ်များ၊ အမျိုးသမီးငယ် များကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ လေ့ကျင့် သင်ကြားပေးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုများပါသည်။

**(ခ)** စီးပွားရေးအခြေအနေ **-** ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာသာမန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု(၇၀) သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်ရှိပြီး(၁၁)မှာ အလယ်အလတ်ရှိသည့် အိမ်ထောင်စုများအဖြစ်ခံယူ ကြပြီး (၁၀)မှာချမ်းသာသည့် အဆင့်ရှိ သည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံး စက်ကရိယာများ ပိုင်ဆိုင်မှုတို့ကြောင့်

ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော အိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ ကျပန်း၊ စက်ရုံဝန်ထမ်း၊ သယ်ယူပို့ဆောင်ရေးစသည် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်းအနည်းငယ်ရှိပြီး လက်လုပ်လက်စား၊ ကျပန်းနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်ကိုတွေ့ရှိရသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်း မြေယာမဲ့အိမ်ထောင်စုများပြားပြီး စက်ရုံ၊ အလုပ်ရုံနှင့်ရာသီအလိုက် စိုက်ပျိုးရေး၊ လက်လီခေါင်းရွက်ဗျက်ထိုး၊ ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကာရှာဖွေ စားသောက်ကြပါသည်။ လက်သမား၊ ပန်းရံ ၊ဆိုင်ကယ်ကယ်ရီ၊အစရှိသည့် အသေးစားအိမ်တွင်း လုပ်ငန်းများ လုပ်ကိုင်ကြသည်။ကျေးရွာမှဆင်းရဲ အိမ်ထောင်စုများကို လေ့လာဆန်း စစ်ချက်အရ ယင်းတို့၏ အိမ်ထောင်စုအနည်းငယ်မှာ သူတပါးထံမှချေးငှားခြင်းနှင့် လုပ်အားခကြိုတင် ထုတ်ယူခြင်းများဖြစ် နပ်မှန်အောင်စားသုံးနိုင်ကြောင်းတွေ့ရှိရပါသည်။ မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီး ရွယ်အို(၆၄)နှစ်နှင့် အထက်မရှိကြောင်းတွေ့ရသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာအတွင်းရှိရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုတ်ကွေးရောဂါ ယခုနှစ်ပိုင်းတွင် အနည်းငယ်ဖြစ်ပွားမှုရှိကြောင်းတွေ့ရသည်။ ကျန်းမာရေးဌာနမှလာရောက်ပြီး ကလေးငယ်များအား ဆေးထိုး ပေးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးခြင်းများကို ပုံမှန်လာ ရောက်ပြုလုပ်ပေးလျှက်ရှိပါသည်။ ပိုးလောက်လန်း များအား ပုံမှန်လာရောက် ဆေးခတ်ခြင်းနှင့် စစ်ခြင်းတို့ကြောင့် သွေးလွန်တုပ်ကွေး ဝမ်းပျက် ၊ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသော ရောဂါများဖြစ်ပွားမှု နည်းပါးလာကြောင်းတွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသူ/ သားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာနှင့် (၁)မိုင်ခန့် အကွာတွင် ရရှိနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းသဖြင့် လက်လှမ်း မှီမှုရှိသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်အဆင်ပြေမှုရှိကြောင်းတွေ့ရသည်။ ရွာသား အများစုသည် အခြေခံအရေး၊အဖတ်အတွက်တို့ကို တက်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ပါသည်။ ကျေးရွာတွင်းခြေခံပညာရေးကို ကျေးရွာတွင်းမူလတန်းကျောင်းတွင် တက်ရောက် သင်ကြားနိုင်ပြီး အလယ်တန်းနှင့် အထက်တန်းကျောင်းသားများမှာ ကျေးရွာနှင့်(၁.၅) မိုင်ခန့် ဝေးကွာသော အထက်တန်း ကျောင်းတွင် တက်ရောက်သင်ကြားနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းမွန်ပြီး ကျောင်းသို့ စက်ဘီး၊ဆိုင်ကယ်၊ကားတို့ဖြင့် သွားလာနိုင်ပါသည်။ ကျေးရွာရှိ မူလတန်းကျောင်းမှာ သွပ်မိုး၊အင်္ဂတေခင်း၊ အုတ်နံရံကာ ကျောင်းဆောင် ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှ နိမ့်ကျဆဲဖြစ်ပြီး လူငယ် လူရွယ်များ အတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသင့်ပါသည်။

**(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင်ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျားနှင့်မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသမီးများသည် အရေးကြီးသောအခန်းကဏ္ဍတွင်ပါဝင်လာကြသည်။ ကျေးရွာအလှူတွင်း အလှူ အတန်းများနှင့် ချက်ရေးပြုတ်ရေးဘာသာရေးလုပ်ငန်းများတွင်လည်း ပါဝင်လာကြပြီး လူမှုရေးလုပ်ငန်းများ တွင်ယောက်ျားလေးများနှင့် တန်းတူပါဝင်လာကြပါသည်။ သို့သော်ကျေးရွာတွင်နေ့တွက်လုပ်အားခငွေ များမှာအမျိုးသားများက ပိုမိုရကြသည်။ ဥပမာ အားဖြင့် လုပ်အားသဘာဝနှင့်အင်အား စိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ကျား-မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့ အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၄)ဖွဲ့၊နှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်း (၁)ဖွဲ့ရှိပါသည်။ကျေးရွာတွင်းပရဟိတအဖွဲ့မှာလှုပ်ရှားဆောင်ရွက်မှုအားကောင်းပါသည်။

သာရေး/နာရေး ကူညီမှုအသင်းမှာလည်း ပူပေါင်းဆောင်ရွက်မှုအားကောင်းပြီး ကျေးရွာလူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက် ကြပါသည်။ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှုအားကောင်း ပြီးစွမ်းဆောင်ရေး မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတတ်ကောင်းမွန်လာစေပါသည်။

## (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်းမိုးစပါးနှင့် နွေစပါးကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၆၀)နှင့် နွေစပါး စိုက်ဧက(၁၀)ဧကခန့််စိုက်ပျိုးကြသည်။ မိုးစပါးပျှမ်းမျှအထွက်နှုန်းမှာ(၇၀)တင်းနှင့် နွေစပါး(၇၅) တင်းခန့် ထွက်ရှိသည်။ နွေစပါး(၁၀)ဧကခန့်အားချောင်းရေဖြင့် ရေသွင်းစိုက်ပျိုးကြသည်။ တောင်သူများသည် တခါ တရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ စပါးစိုက်ခင်းနှင့်သီးနှံ စိုက်ခင်းများတွင်ကျရောက်သော ဖျက်ပိုးများသည် ပိုးသတ်ဆေးအားခံနိုင်ရည်အားရှိသဖြင့် ထိရောက်သော ဆေးများဖြင့် ဖျက်ပိုးနှိမ်နင်းမှု လိုလားနေကြသည်။

ကျေးရွာတွင်နွားမွေးမြူသူအိမ်ထောင်စု(၁၂)စု၊ ဝက်မွေးမြူသည့်အိမ်ထောင်စု အရေအတွက် (၁၆)စု၊ ကြက်မွေးမြူသူ အိမ်ထောင်စု(၇၃)စု၊ ဘဲမွေးမြူသူအိမ်ထောင်စု(၂၂)စုရှိပါသည်။ ဆိတ်မွေးမြူသည့် အိမ် ထောင်စု(၁)စုရှိပြီး ဆိတ်ကောင်ရေ(၂၀)ခန့် ရှိပါသည်။ စီပီဝက်မျိုးများကိုလည်း မွေးမြူသည့် အိမ်ထောင်စု အနည်းငယ်ရှိသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နည်းပညာနှင့်အကူအညီများ ရရှိနိုင်ရန်ခက်ခဲခြင်း ကြောင့် ဝက်နားရွက်ပြာ၊ ဆီးချုပ်ဝမ်းချုပ်ရောဂါ၊ ဝက်တုတ်ကွေးနှင့် နွားများ ခွာနာလျှာနာဖြစ်ပွားပြီး ဆုံးရှုံး နစ်နာမှုများ အနည်းရှိခဲ့သည်။ ဒေသကြက်မွေးမြူသည့် အိမ်ထောင်စုများမှာ အိမ်တွင်းတစ်နိုင် တစ်ပိုင်သာ မွေးမြူကြပြီး ကြက်လည်လိမ်ရောဂါနှင့်ကြက်ငှက်တုတ်ကွေးရောဂါ၊ကြက်တန်းကြရောဂါများဖြစ်ပွားသည်။

ငါးသားဖောက်လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၃)စုရှိပြီး အိမ်တွင်းတစ်နိုင်တစ်ပိုင်စီးပွားရေး လုပ်ငန်း အဖြစ် လုပ်ကိုင်ကြသည်။ မွေးမြူရေးလုပ်ငန်းဆိုင်ရာ အခက်အခဲများ အနေဖြင့်လုပ်ငန်း လုပ်ကိုင်ရန် အတွက် နေရာ အခက်အခဲများနှင့် ချေးငွေမရရှိခြင်း တို့ကြောင့် မွေးမြူရေးအား တွင်ကျယ်စွာ လုပ်ကိုင်သူနည်းပါး သည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအနေဖြင့် အိုးဖုတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်သည့် အိမ်ထောင်စု(၁)စုရှိပါပြီး စီးပွားဖြစ်လုပ်ကိုင်ခြင်းဖြစ်ပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက် ဗျပ်ထိုး၊ အစိုးရဝန်ထမ်းတို့ဖြစ်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲ ဖြစ်ပါသည်။ ကျေးရွာသူ/ သားများမှာအပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်း ဖုန်းပြင်၊ ကားမောင်းသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများအား အခကြေးငွေပေးဆောင်ကာ မတတ်ရောက် နိုင်ကြပေ။ ကျေးရွာရှိ မိန်းကလေးအများစုမှာ အထည်ချုပ်စက်ရုံများတွင်သာ အလုပ်သွားရောက် လုပ်ကိုင် ကြသည်။

## (ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်း စပါးစိုက်ခင်းနှင့်သီးနှံစိုက်ခင်းများ၌ သဘာဝမြေသြဇာများ အသုံးပြုမှု နည်းပါးလာပြီး ဓါတုမြေသြဇာများ အသုံးပြုမှုများလာသောကြောင့် မြေဆီလွှာများ ပိုမိုပျက်စီး ရပါသည်။ မြေဆီလွှာများ ပျက်စီးခြင်းကြောင့် အထွက်နှုန်းများလျော့နည်းလာကာ အမြတ်ကျန်ရှိမှု နည်းပါးလာပါသည်။ မတ်ပဲ စိုက်ခင်းများတွင်ဖျက်ပိုးများ ကြရောက်ခြင်းကြောင့် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲလာပြီး မြေဆီလွှာများပျက်စီးလာရပါသည်။တောင်သူများ အနေဖြင့် စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင်ပလစ်စတစ်အိပ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကိုစွန့်ပစ်ရာတွင် တွင်းတူး၍ မမြှုပ်နှံဘဲ လယ်ကွင်း ထဲအင်းအိုင်များထံသို့စွန့်ပစ်သောကြောင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်လာနိုင်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင်းတောင်သူများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသောချေးငွေကို တစ်နှစ် အတိုးနှုန်း(၁.၆၂)ကျပ်တိုး၊ တစ်ကေတစ်သိန်းနှုန်းဖြင့် အများဆုံးဆယ်ကေအတွက် ထုတ်ချေးနိုင်သည်။ ကျေးရွာတွင်းသမဝါယမအသင်းမှ လယ်သမားများအား အတိုးနှုန်း တစ်ကျပ် ခွဲနှုန်းဖြင့် အသင်းချေးငွေကို ၆လတစ်ကြိမ်ပြန်လည်ပေးဆပ်ရပါသည်။ အချို့ အိမ်ထောင်စုများမှာ ရွာထဲရှိငွေတိုးချေးပေးသူများနှင့် မိတ်ဆွေ များထံမှ အတိုးနှုန်း၁၀%မှ ၃၀%ဖြင့် ချေးယူကြသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်းကျေးလက်ဆေးပေးခန်းမရှိဘဲ(၁.၅)မိုင်ခန့်ဝေးကွာသော မင်းရွာ ကျေးရွာ ဆေးပေးခန်း သို့သွားရောက်ကြရပါသည်။ သောက်သုံးရေအတွက် အဝီစိတွင်း စက်တပ်များနှင့်

တုံကင်များကို အသုံးပြုကြသည်။ အိမ်တိုင်းစေ့ ယင်လုံအိမ်သာသုံးစွဲကြပြီး အချို့ အိမ်ထောင်စုများမှာ အုတ်ကျင်းဖြင့် ဆောက်လုပ်ကြပြီး အချို့အိမ်ထောင်စုများမှာ ကျောက်ခွေဖြင့် သုံးစွဲကြသည်။ ရေကြောင့်ဆက်စပ် ဖြစ်ပွား သောရောဂါ များမရှိပါ။ ကျေးရွာရှိကလေးငယ်များမှာ ကျေးရွာရှိမူလတန်းကျောင်းတွင် ပညာသင်ကြားရပြီး သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေခင်းကျောင်း ဆောင်နှင့်အလယ်တန်းနှင့် အထက်တန်းကို ကျေးရွာနှင့်မိုင် (၁.၅)မိုင် အထက်တန်းကျောင်းတွင် ပညာသင်ကြားနိုင်ကြသည်။ ကျောင်းသား/သူများမှာ စာသင်ကျောင်းသို့စက်ဘီး၊ခြေလျှင်၊ ဆိုင်ကယ် တို့ဖြင့်သွားရောက်ကာပညာသင်ကြားနိုင်ကြသည်။ကျောင်းတွင်ပရိဘောဂလုံလောက်မှုရှိပြီဆရာမ (၄)ဦးခန့်ရှိပါသည်။အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် မူလတန်း ပညာကျောင်းထွက်နှုန်း မရှိဘဲ ကျောင်းတတ် နှုန်းမြင့်မားပါသည်။ ကျေးရွာမှကျောင်း၏ လိုအပ်ချက်များကို မိဘဆရာ အသင်းနှင့်တိုင်ပင်ကာ ဖြည့်ဆည်း ပေးလျှက်ရှိပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းမြေသားလမ်းရှိပြီးဖြစ်ပါသည်။ ကျေးရွာတွင်း လျှပ်စစ်မီးကိုတပ်ဆင် အသုံးပြု နေပြီး အချို့အိမ်ထောင်စုများမှာ ဆိုလာ၊ဘတ္ထရီမီးများကိုသာ အသုံးပြုနေ ကြပါသည်။ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်ကို ကောင်းမွန်စွာအသုံးပြုနိုင်ပြီးအခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကိုချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင် ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။အာမခံစနစ် ကိုချိတ်ဆက်အသုံးပြုနိုင်သော်လည်း ဆောင်ရွက်ထားသူ မရှိသလောက်နည်းပါးပါသည်။ ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ရာဇဝတ်မှုဖြစ်ပွားနှုန်း နည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်းလျှပ်စစ်ဓါတ်အားကို အိမ်ထောင်စု(၉၁)ခန့်အသုံးပြုနိုင်ကြသည်။ လူငယ်ပညာတတ်အသင့်အတင့်ရှိပြီး အလုပ်လုပ်နိုင်သည့် လူဦးရေပေါ်များပါသည်။ ဘွဲ့ရ အရေအတွက်နည်းပါးပြီးသက်မွေးဝမ်းကျောင်းသင်တန်းများ လေ့ကျင့်သင်ကြားစေခြင်းဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု အားကောင်းစေ ပါသည်။ ကျန်းမာရေးကောင်းမွန်ကြပြီး ဝန်ဆောင်မှုများနှင့်လက်လှမ်းမီမှုရှိပါသည်။ လိုအပ်ပါက မှော်ဘီမြို့ နယ်ဆေးရုံသို့သွားရောက်ကာ ဆေးကုသမှုခံယူနိုင်ပါသည်။သဘာဝအရင်းအမြစ်ဖြစ်သောလယ်မြေများသည်မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး ရွာချင်းဆက်လမ်းမှာ ကောင်းမွန်သဖြင့်လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်ပါသည်။ မိုးရွာသွန်းမှုမှာစပါး စိုက်ပျိုးထုတ်လုပ်ရန်အတွက် အထောက် အပံ့ဖြစ်စေပါသည်။ အမှတ်(၄)လမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် ကုန်စည်များကို လွယ်ကူစွာအရောင်းအဝယ်ပြုလုပ်နိုင်ပါသည်။

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန် ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက် အသုံးပြုနိုင်မှု ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်ယာမြေများမှာမြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။ ရေရှိသော် လည်းနောက်ပိုင်းတွင် ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများလည် စိုက်ခင်းများတွင် ကျရောက်တတ် သည်။မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်း ရေးနှင့်ပါတ်သက်၍ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့်ဘက်စုံ ပိုးမွှားနှိမ်နှင်ရေး ကျင့်သုံးနိုင်ရေး အထောက် အပံ့များ ရရှိရန်လိုအပ်သည်။ကျေးရွာတွင် ငွေတိုးချေးသူ များရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှကျေးရွာအရောက်ဝန်ဆောင်မှု များပေးသော်လည်း ချေးငွေ လိုအပ်သောအိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ဖွံ့ဖြိုးရေး ဘဏ်များတွင်ငွေချေးရန်စာရွက် စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲကြုံ တွေ့ရတတ်သည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁)ကျေးရွာတွင်း ဘိုးချောင်းစံပြအမှတ်(၁)၊အမှတ်(၂)၊အမှတ်(၃)လမ်းများဖြစ်သော ကျေးရွာတွင် လမ်းများအား ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ် ကျေးရွာလူမှုရေး ကိစ္စရပ်များ တိုးတက်လာ စေရမည်။

က.၂) ကျေးရွာတွင်မူလတန်းကျောင်းဆောင်(၁)ဆောင် ဆောင်ရွက်ပေးခြင်းဖြင့်ကျောင်းသူ/သားများ အားပညာရေးပိုမိုကောင်းမွန်လာနိုင်ပါသည်။

က.၃) ဘိုးချောင်းစံပြကျောင်း ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းဆရာ/ ဆရာမများ ကျောင်းသား/သူများ၏လုံခြုံရေးပိုမိုကောင်းမွန်လာနိုင်ပါသည်။

က.၄) ဘိုးချောင်းစံပြကျောင်းစာကြည့်တိုက်ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသား/သူများ၏ ပညာရေးနှင့် ဗဟုသုတများပိုမိုရရှိလလာနိုင်ပါသည်။

က.၅) ကျေးရွာတွင် စက်ချုပ်သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာ၏စီးပွားရေး၊ မိသားစုဝင်ငွေတိုးပွားလာ၍လူမှု့ရေးနှင့် ကျန်း မာရေးကိစ္စများပါမကျန်တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁)ကျေးရွာတွင်း ဘိုးချောင်းစံပြအမှတ်(၁)၊အမှတ်(၂)၊အမှတ်(၃)လမ်းများဖြစ်သော ကျေးရွာတွင် လမ်းများအား ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ် ကျေးရွာလူမှုရေး ကိစ္စရပ်များ တိုးတက်လာစေရန်အတွက်ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံသွာမည။ ်

ခ၂) ကျေးရွာတွင်မူလတန်းကျောင်းဆောင်(၁)ဆောင် ဆောင်ရွက်ပေးခြင်းဖြင့်ကျောင်းသူ/သားများ အားပညာရေးပိုမိုကောင်းမွန်လာနိုင်စေရန်ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ပြီးတင်ပြ တောင်းခံသွားပါမည်။

ခ.၃) ကျေးရွာတွင်း ဘိုးချောင်းစံပြကျောင်း ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းဆရာ/ ဆရာမများ ကျောင်းသား/သူများ၏လုံခြုံရေးပိုမိုကောင်းမွန် လာစေရန် ပညာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီးတင်ပြ တောင်းခံသွားပါမည်။

ခ.၄) ကျေးရွာရှိဘိုးချောင်းစံပြကျောင်းစာကြည့်တိုက်ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသား/သူများ၏ ပညာရေးနှင့် ဗဟုသုတများပိုမိုရရှိလာစေရန် ပညာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီးတင်ပြ တောင်းခံသွားပါမည်။

ခ.၅) ကျေးရွာတွင် စက်ချုပ်သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာ၏စီးပွားရေး၊ မိသားစုဝင်ငွေတိုးပွားလာ၍လူမှု့ရေးနှင့် ကျန်း မာရေးကိစ္စများပါမကျန်တိုးတက်ကောင်းမွန်လာ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပြီးတင်ပြ တောင်းခံသွားပါမည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစု ဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှ တစ်ဆင့်ကျွန်ုပ်တို့ကျေး ရွာအဆင့် ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြ ပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း။**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အား ထုတ်လုပ်ကိုင် ရရှိခဲ့မှုများကိုပြန် လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာဦးစားပေး စီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊**

ကျေးရွာတွင် စပါးကိုအဓိက စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျ ရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခို အားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများ အပါအဝင်ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့် ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက်လိုအပ်သောချေးငွေရရှိရန်စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေး စားလုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းမျာရှိသဖြင့် သမဝါယအသင်း အနေဖြင့် အထိုက်အလျောက် ချေးငွေလိုအပ်သူများအတွက် ဆောင်ရွက်ပေးသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့်လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်း ရှိပါသည်။ သို့သော်ငြင်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်း အချက် အလက်များလက် လှမ်းမီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြား နေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှု၊လက်မှုလုပ်ငန်း)အတွက် လုပ်ငန်း စီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲ ခြင်းတွင်ထည့်သွင်းရေး ဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက်အကျိုး ဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင် ထားရှိကာတစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တစ်ချို့နှင့်တိုးချဲ့ ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ် ဒေသမှသည်ကျေး ရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည်အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက် ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည် ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ် ၊ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေး ဆွဲထားနိုင်ကြ သော်လည်း ငါးနှစ်တာကာလတစ်လျှောက် လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက် များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက် မူဘောင် အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွား ကြပါမည်။

**(ခ)ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာ နှင့်ရင်းနှီးမြှပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functionalclassification)ဖြင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက်သက်ဆိုင်ရာ လုပ်ငန်းများအလိုက်ဆောင် ရွက်ဖွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economicclassification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင်စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံး ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှု တို့ကိုခွဲခြား သိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functionalclassification)ဝန်ကြီးဌာနများ၊ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi - cation) တွင်

သာမန်အသုံးစရိတ်

ငွေလုံးငွေရင်းအသုံးစရိတ်၊

စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါကစီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ် အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင်မြို့နယ် အဆင့်ဌာနဆိုင်ရာအဖွဲ့များ အစည်းများနှင့်သည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်း အဝေးတွင်သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ကျေးရွာတွင်းဘိုးချောင်းစံပြအမှတ်(၁)ကွန်ကရစ်လမ်းခင်းရန်၊

(၂) ကျေးရွာတွင်းဘိုးချောင်းစံပြအမှတ်(၂)ကွန်ကရစ်လမ်းခင်းရန်၊

(၃) ကျေးရွာတွင်းဘိုးချောင်းစံပြအမှတ်(၃)ကွန်ကရစ်လမ်းခင်းရန်၊

(၄) မူလတန်းကျောင်းဆောင်(၁)ဆောင် ဆောင်ရွက်ပေးပါရန်၊

(၅) ဘိုးချောင်းစံပြကျောင်း ခြံစည်းရိုးကာရံခြင်း၊

(၆) ဘိုးချောင်းစံပြကျောင်စာကြည့်တိုက်ဆောင်ရွက်ရန်၊

(၇) စက်ချုပ်/သိုးမွေးထိုးနည်းသင်တန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲရေးဖွင့်လှစ်ပေးသည့် အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

စံပြကျေးရွာ စီမံကိန်းရေးဆွဲသူ သင်တန်းသားများမှသင်တန်းဆရာ၊ဆရာမများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြား များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းဘိုးချောင်းစံပြအမှတ်(၁) ကွန်ကရစ်လမ်းခင်းရန်၊ | ၁ | A | A | | | |
| ၂ | ကျေးရွာတွင်းဘိုးချောင်းစံပြအမှတ်(၂) ကွန်ကရစ်လမ်းခင်းရန်၊ | ၂ | | A | A | A | |
| ၃ | ကျေးရွာတွင်းဘိုးချောင်းစံပြအမှတ်(၃) ကွန်ကရစ်လမ်းခင်းရန်၊ | ၃ | | A | A | | |
| ၄ | မူလတန်းကျောင်းဆောင်(၁)ဆောင် ဆောင်ရွက်ပေးပါရန်၊ | ၄ | | | | | |
| ၅ | ဘိုးချောင်းစံပြကျောင်းခြံစည်းရိုး ကာရံ | ၅ | | | A | A | A |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ခြင်း၊ | | | | | | |
| ၆ | ဘိုးချောင်းစံပြကျောင်းစာကြည့်တိုက် ဆောင်ရွက်ရန်၊ | ၆ | | | A | A | A |
| ၇ | စက်ချုပ်/သိုးမွေးထိုး သင်တန်း | ၇ | | | A | A | A |

၉။ဘက်ချက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက် ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည်တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့် ဌာန ဆိုင်ရာအဖွဲ့များ အစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထား ခြင်းမရှိပါ။ (ငွေသားမဟုတ် သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ဘိုးချောင်းစံပြ အမှတ်(၁) | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ကွန်ကရစ်လမ်း ခင်းရန်၊ | | | | | |
| ၂ | ဘိုးချောင်းစံပြအမှတ်(၂)<br>ကွန်ကရစ်လမ်းခင်းရန်၊ | | | | | |
| ၃ | ဘိုးချောင်းစံပြအမှတ်(၃)<br>ကွန်ကရစ်လမ်းခင်းရန်၊ | | | | | |
| ၄ | မူလတန်းကျောင်းဆောင်(၁)<br>ဆောင်ရွက်ပေးပါရန်၊ | | | | | |
| ၅ | ဘိုးချောင်းစံပြကျောင်းခြံစည်း<br>ရိုး ကာရံ ခြင်း၊ | | | | | |
| ၆ | ဘိုးချောင်းစံပြကျောင်စာကြည့်<br>တိုက်ဆောင်ရွက်ရန်၊ | | | | | |
| ၇ | စက်ချုပ်/သိုးမွေးထိုး သင်တန်း | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူ ပါမည်။ အဖွဲ့အစည်း အသီးသီး၊ကော်မတီ အသီးသီး အား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာမိဘ ဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်း ပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီ များရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက် ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များစိုက်ပျိုးရေး ၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှု ပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထု အဖွဲ့အစည်းများ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်း လုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်း တစ်ခုလုံးလွှမ်းခြုံ ကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ် သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည်တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများ ထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင်လမ်းပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို

ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲ အားတာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာ အသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင်တိုးတက်မှု အခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကိုရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီး ကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံး ပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့် အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီး ကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန်သင့်တော်သောအဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များတည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့်ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို(၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့ အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များရရှိ အောင် ဆောင်ရွက် ကြပါမည်။ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။(၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲ အသီးသီးသည်၎င်းတို့၏ကြီးကြပ်စစ်ဆေး တွေ့ရှိမှုအစီရင်ခံစာကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ

ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ် စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- ⇨ စီမံကိန်း လုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- ⇨ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆို ပြုချက်များ၊
- ⇨ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ။

(၂)ငွေကြေးဆိုင်ရာတိုးတက်မှု

- ⇨ ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- ⇨ (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ⇨ ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ⇨ ငွေကြေး စုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့အစီရင်ခံ ပေးပို့ပါမည်။အစီရင်ခံစာသည်စာမျက်နှာ၂၃မျက်နှာခန့်ပါဝင်၍အောက်ပါအချက်များကိုအဓိကထား ဖော်ပြပါမည်။ ၎င်းအစီရင်ခံစာ တွင်အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များစသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

